

# ကျောင်းအပ်နှံရေး မူဝါဒ အပြောင်းအလဲများ

## မိသားစုများအတွက် သတင်းအချက်အလက်များ

### အစိုးရကျောင်းပညာရေးကို ရွေးချယ်ရသည့် အကြောင်းအရင်း

ယနေ့ခေတ် ကလေးငယ်များအား အနာဂတ်တွင် အောင်မြင်ပြီး ပိုမိုကောင်းမွန်သော လူ့အသိုက်အဝန်းကို တည်ဆောက်နိုင်ရန် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် NSW အစိုးရ ပညာရေးစနစ်သည် ကျောင်းသားအားလုံး အတွက် ကမ္ဘာ့အဆင့် ပညာရေးကို ပေးအပ်လျက်ရှိသည်။ ဘက်စုံ လွှမ်းခြုံနိုင်ပြီး အရည်အသွေးမြင့်မားသော ပညာရေး ပံ့ပိုးမှုများနှင့် သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာပညာ၊ သင်္ချာ၊ အနုပညာ၊ အားကစားနှင့် အခြားသော ဘာသာရပ်များတွင် သင်ရိုးညွှန်းတမ်းနှင့် တွဲဖက်ထားသည့် ပြိုင်ဘက်ကင်း အခွင့်အလမ်းများဖြင့် မတူကွဲပြား၍ အားလုံးပါဝင်နိုင်သည့် ကျွန်ုပ်တို့၏ အစိုးရကျောင်းများသည် ကျောင်းသားတိုင်းအား ၎င်းတို့၏ အမြင့်ဆုံးစွမ်းဆောင်ရည်ကို ရရှိစေရန် ပံ့ပိုးကူညီပေးလျက်ရှိသည်။

### ကျောင်းအပ်နှံရေးမူဝါဒ

ကျောင်းအပ်နှံရေးမူဝါဒသည် ကျောင်းများအား ပညာရေးအက်ဥပဒေ (Education Act 1990) ပါ တာဝန်များကို ဖြည့်ဆည်းနိုင်ရန် ကူညီပေးပြီး ကျောင်းသားအားလုံးကို ၎င်းတို့၏ ရပ်ရွာ အစိုးရကျောင်းများတွင် တက်ရောက်ခွင့် ရရှိစေသည်။ NSW အစိုးရကျောင်းများတွင် ကျောင်းအပ်နှံမှုများကို ကိုင်တွယ်ပုံ နည်းလမ်းများနှင့်ပတ်သက်သည့် အချက်အလက်များအား ဝန်ထမ်းများနှင့် ရပ်ရွာလူထုက ရှင်းရှင်းလင်းလင်း သိရှိစေရန် ဤမူဝါဒက ကူညီပေးသည်။

### မူဝါဒ ပြောင်းလဲရသည့် အကြောင်းအရင်း

NSW ပညာရေးဌာနသည် လက်ရှိ ကျောင်းအပ်နှံရေးမူဝါဒနှင့် ပတ်သက်၍ ပညာရေး မိတ်ဖက်များ၊ ရပ်ရွာလူထု အဖွဲ့အစည်းများ၊ ကျောင်းစီမံခန့်ခွဲရေး အသင်းအဖွဲ့များနှင့် နီးနီးကပ်ကပ် တိုင်ပင်ခဲ့ပါသည်။ NSW အစိုးရကျောင်းများသို့ ကျောင်းအပ်နှံခွင့် ရရှိရေး ကြိုးပမ်းရာတွင် မိသားစုများ ကြုံတွေ့ရသည့် အခက်အခဲများကို ကိုင်တွယ်ဖြေရှင်းရန် အရေးကြီးကြောင်း အကြံပြု ချက်ကောင်းများ ရရှိခဲ့ပါသည်။ ပြောင်းလဲထားသည့် ကျောင်းအပ်နှံရေး မူဝါဒသည် အဆိုပါ အခက်အခဲများကို ကိုင်တွယ် ဖြေရှင်းထားပြီး တန်းတူညီမျှ၍ လူတိုင်းလက်လှမ်းမီသော အစိုးရကျောင်းပညာရေးစနစ်ကို ဖော်ဆောင် ထိန်းသိမ်းမည့် ဌာန၏ ကတိကဝတ်နှင့်လည်း ကိုက်ညီပါသည်။

### ပြောင်းလဲထားသည့် မူဝါဒများ

အောက်ပါ မူဝါဒအပြောင်းအလဲများကို 2025 ခုနှစ်၊ Term 1 မှစ၍ ကျောင်းအပ်နှံမှုအားလုံးတွင် ကျင့်သုံးသွားမည် ဖြစ်သည်။

## ယာယီနေထိုင်ခွင့်

ယာယီနေထိုင်ခွင့်ဗီဇာရှိသည့် ကျောင်းသားအားလုံးသည် ၎င်းတို့၏ နေရပ်လိပ်စာပေါ် မူတည်၍ ရပ်ရွာ ကျောင်းများတွင် ယခုအခါ ကျောင်း အပ်နှံနိုင်တော့မည် ဖြစ်သည်။

ကျွမ်းကျင်မှု မရှိသေးသူများကို ထုတ်ပေးသည့် ဒေသဆိုင်ရာ ယာယီ ဗီဇာ (အမျိုးအစားခွဲ- 482) ကိုင်ဆောင်ထားသော မိသားစုများ (ဆိုလိုသည်မှာ - ဆစ်ဒနီနှင့် ဝူလ်လောင်ဂွန် ဒေသကြီးတို့၏ ပြင်ပတွင် နေထိုင်သူများ) ကို ကျောင်းဝင်ကြေး ကင်းလွတ်ခွင့် ပေးမည်ဖြစ်သည်။

## နယ်ကျော် ကျောင်းအပ်နှံမှုအတွက် ပြောင်းလဲထားသည့် စည်းကမ်းချက်များ

NSW အစိုးရကျောင်းများတွင် ကျောင်းအပ်နှံရမည့် ရပ်ရွာနယ်မြေ သီးခြားသတ်မှတ်ထားသည်။ ကျောင်းဝင်ခွင့် နယ်မြေသတ်မှတ်ခြင်းကို ဌာနက ဆုံးဖြတ်သည်။ သက်ဆိုင်ရာ ကျောင်းများအနေဖြင့် ၎င်းတို့၏ ကျောင်းအပ်နှံမှုနယ်မြေတွင် နေထိုင်သည့် ကျောင်းသားအားလုံးအတွက် ဝင်ခွင့်နေရာ အလုံအလောက် ရှိစေရန် ဆောင်ရွက်ရသည်။ ကျောင်း ဝင်ခွင့်နေရာ ရှိသေးပါက သင့်အနေဖြင့် ကလေးအား သတ်မှတ်နယ်မြေ ပြင်ပတွင် 'နယ်ကျော် ကျောင်းအပ်နှံမှု' အဖြစ် ကျောင်းအပ်နှံခွင့် လျှောက်ထားနိုင်သည်။

ပြောင်းလဲထားသည့် စည်းကမ်းချက်များသည် လက်ရှိ ကျောင်းအပ်နှံ ထားသော ကျောင်းသားများ၏ မွေးချင်းများအတွက် နယ်ကျော် ကျောင်းအပ်နှံမှုကို ဦးစားပေးထားသည်။ သင့်တော်သော သာမန်ကျောင်း များရှိ အထောက်အကူပြု သင်တန်းများတွင် အပ်နှံထားသည့် ကျောင်းသားများ၏ မွေးချင်းများကို ဦးစားပေးခြင်း ဖြစ်သည်။

ပြောင်းလဲထားသည့် စည်းကမ်းချက်များအရ ကျောင်းများအနေဖြင့် ကျောင်းဝန်ထမ်းများ၏ သား၊ သမီးများအတွက် နယ်ကျော်ကျောင်းအပ်နှံ မှုကိုလည်း ယခုအခါ ထည့်သွင်းစဉ်းစားပေးနိုင်တော့မည် ဖြစ်သည်။

## အမေးများသော မေးခွန်းများ

### ဤအပြောင်းအလဲများသည် ကျွန်ုပ်၏ ကလေးနှင့် သက်ဆိုင်မှု ရှိသလား။

NSW အစိုးရကျောင်းများ၏ ကျောင်းအပ်နှံမှုဆိုင်ရာ မူဝါဒအပြောင်းအ လဲများသည် အောက်ပါအခြေအနေများတွင် သင်နှင့် သက်ဆိုင်မည်ဖြစ် သည် -

- သင့်ကလေးသည် ကျောင်းနေအရွယ်ဖြစ်ပြီး ယာယီနေထိုင်ခွင့်ဗီဇာ ရရှိထားလျှင်၊ သို့မဟုတ်
- သင့်ကလေးသည် ကျောင်းနေအရွယ်ဖြစ်ပြီး ၎င်း၏ မွေးချင်း တစ် ယောက်ယောက်သည်  အခြား NSW အစိုးရကျောင်းတွင် လက်ရှိ ကျောင်း အပ်နှံထား၍ ၎င်းတို့ကို တကျောင်းတည်းတွင် တက်စေလိုလျှင်။ သင့် ကလေး၏ ကျောင်းအပ်နှံမှုကို ကျောင်းက လက်ခံခြင်း၊ လက်မခံခြင်းသည် ထိုကျောင်း၏ ကျောင်းသားလက်ခံနိုင်မှု ပမာဏနှင့် သတ်မှတ်ချက်နှင့်ကိုက်ညီမှုတို့အပေါ် မူတည်နေသည်။
- သင်သည် သင့်ကလေး ကျောင်းအပ်နှံရမည့် နယ်မြေပြင်ပရှိ NSW အစိုးရကျောင်းမှ ဝန်ထမ်းဖြစ်နေလျှင်။ သင့်ကလေး၏ ကျောင်းအပ်နှံမှု ကို ကျောင်းက လက်ခံခြင်း၊ လက်မခံခြင်းသည် ထိုကျောင်း၏ ကျောင်း သားလက်ခံနိုင်မှု ပမာဏနှင့် သတ်မှတ်ချက်နှင့်ကိုက်ညီမှုတို့အပေါ် မူတည်နေသည်။

### ဤမူဝါဒ အပြောင်းအလဲများကို ကျောင်းအားလုံးက လိုက်နာကျင့်သုံးရန် လိုသလား။

ကျောင်းအားလုံးသည် ယာယီနေထိုင်ခွင့်ဗီဇာရ ကျောင်းသားများအတွက် ဤမူဝါဒ အပြောင်းအလဲများကို လိုက်နာကျင့်သုံးရန် လိုအပ်သည်။

ကျောင်းအများစုသည် ကျောင်းသားလက်ခံနိုင်မှုအပေါ် မူတည်၍ 2025 ခုနှစ်၊ Term 1 တွင် နယ်ကျော် ကျောင်းအပ်နှံသည့် ကျောင်းသားများအ တွက် ဤမူဝါဒ အပြောင်းအလဲများကို လိုက်နာကျင့်သုံးရန် လိုအပ်သည်။

ယာယီနေထိုင်ခွင့်ရ ကျောင်းသားများနှင့် နယ်ကျော် ကျောင်းသားများအ တွက် ကျောင်းအပ်နှံရေးမူဝါဒ အပြောင်းအလဲများသည် အထူးပြု ကျောင်းများ သို့မဟုတ် အစီအစဉ်များအတွက် အရည်အချင်း လိုအပ် ချက်များအပေါ် သက်ရောက်မှုရှိမည် မဟုတ်ပေ။ လူရည်ချွန် ကျောင်းများ၊ သီးခြားရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ထားသည့် ကျောင်းများ (schools for specific purposes (SSPs))၊ အဝေးသင်ကျောင်းများနှင့် အထူး အရည်အချင်းများရှိရန် လိုအပ်သော သင်တန်းများ သို့မဟုတ် အစီအစဉ်များရှိသည့် ကျောင်းများ (ဥပမာ - ထူးချွန်သင်တန်းများ၊ အထူးပြု အားကစား နှင့်/သို့မဟုတ် ဖန်တီးမှု အနုပညာ လမ်းကြောင်းများ) အပါအဝင် သတ်မှတ်အရည်အချင်း ပြည့်မီရန် လိုအပ်သည့် ကျောင်းများ အနေဖြင့် ၎င်းတို့၏ လက်ရှိ ကျောင်းအပ်နှံရေး လုပ်ငန်းစဉ်အတိုင်းသာ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်သည်။

ယောကျ်ားလေး သီးသန့်ကျောင်းနှင့် မိန်းကလေး သီးသန့်ကျောင်းများ အနေဖြင့် ကျောင်းအပ်နှံသည့် ကလေးသည် ကျောင်း၏ အရည်အချင်း လိုအပ်ချက်နှင့် ပြည့်မီသမျှ ကာလပတ်လုံး ဤမူဝါဒ အပြောင်းအလဲများကို လိုက်နာကျင့်သုံးရမည် ဖြစ်သည်။

### ကျွန်ုပ်၏ ကလေးသည် လက်ရှိကျောင်းအပ်နှံထားသော ကျောင်းသား၏ မွေးချင်းဖြစ်နေလျှင် ၎င်း၏ နယ်ကျော် ကျောင်းအပ်နှံမှုကို အလိုအလျောက် လက်ခံမှာလား။

သင့်ကလေးအား ၎င်း၏ မွေးချင်းများကဲ့သို့ ဒေသမတူသော အစိုးရကျောင်း တစ်ကျောင်းတည်းတွင် အပ်နှံခွင့်ရလိမ့်မည်ဟု ဤမူဝါဒ အပြောင်းအလဲ များက အာမ မခံပါ။ ကျောင်းအနေဖြင့် လက်ရှိကျောင်းအပ်နှံထားသည့် ကျောင်းသား၏ မွေးချင်းအတွက် နယ်ကျော် ကျောင်းအပ်နှံမှုကို တတ် နိုင်သမျှ ဦးစားပေးသွားမည် ဖြစ်သော်လည်း လျှောက်ထားမှုကို လက်ခံ၊ မခံ မှာမူ ထိုကျောင်း၏ ကျောင်းသားလက်ခံနိုင်မှု ပမာဏအပေါ် မူတည်သည်။ အချက်အလက်များ ထပ်မံသိရှိလိုပါက သက်ဆိုင်ရာကျောင်းသို့ ဆက်သွယ်ပါ။

### ယခုချိန်ကစပြီး လက်ရှိကျောင်းအပ်နှံထားသည့် ကျောင်းသားများ၏ မွေးချင်းများကိုသာ နယ်ကျော် ကျောင်းအပ်နှံခွင့် ပြုတော့မည်ဟု ဆိုလိုတာလား။

ဤသို့ ဆိုလိုခြင်း မဟုတ်ပါ။ သင့်ကလေးသည် ကျောင်းတက်ရန် သတ် မှတ်ချက်များနှင့် ကိုက်ညီပြီး ကျောင်းကလည်း ၎င်းကို လက်ခံနိုင်ပါက သင့်အနေဖြင့် ကလေးအား မည်သည့် အစိုးရကျောင်းတွင်မဆို အပ်နှံရန် လျှောက်ထားနိုင်ပါသေးသည်။ ကျောင်းများအနေဖြင့် ယခုချိန်ကစပြီး လက်ရှိ ကျောင်းအပ်နှံပြီးသား ကျောင်းသား၏ မွေးချင်းများကို ဦးစားပေးပြီး ကျောင်းဝန်ထမ်းများ၏ သား၊ သမီးများကို ထည့်သွင်းစဉ်းစားပေးသည့် ပြောင်းလဲထားသော နယ်ကျော် ကျောင်းအပ်နှံမှု စည်းကမ်းများ (ကျောင်းသား၏ ကောင်းကျိုးချမ်းသာ လိုအပ်ချက်များဆိုင်ရာ စံနှုန်းများ အပါအဝင်) နှင့်ဆိုင်သော လျှောက်လွှာများကို ဦးစားပေး စဉ်းစားရတော့မည် ဖြစ်သည်။

### ကျောင်းဝန်ထမ်း၏ သား၊ သမီးအတွက် နယ်ကျော် ကျောင်းအပ်နှံမှုကို အလိုအလျောက် လက်ခံမှာလား။

အလိုအလျောက် လက်ခံသွားမည် မဟုတ်ပါ။ ကျောင်းအနေဖြင့် လက်ရှိ ကျောင်းအပ်ထားသည့် ကျောင်းသား၏ မွေးချင်းများအတွက် နယ်ကျော် ကျောင်းအပ်နှံမှုကို ဦးစားပေးပြီးမှသာ ကျောင်းဝန်ထမ်း၏ သား၊ သမီးအတွက် နယ်ကျော် ကျောင်းအပ်နှံမှုကို စဉ်းစားသွားမည် ဖြစ်သည်။ သင်သည် ကျောင်းဝန်ထမ်းဖြစ်ပါက သင့်ကလေးအား လက်ခံခြင်း၊ လက်မခံခြင်းသည် ကျောင်း၏ ကျောင်းသားလက်ခံနိုင်မှုအပေါ် မူတည်သည်။ ပြောင်းလဲထားသည့် နယ်ကျော်ကျောင်းအပ်နှံမှုဆိုင်ရာ စည်းကမ်းများသည် သင့်ကလေး၏ ရပ်ရွာကျောင်းသို့ အပ်နှံခွင့်ကို ထိခိုက်စေမည် မဟုတ်ပါ။

## ယာယီနေထိုင်ခွင့်ဗီဇာရ ကျောင်းသားများကို ကျောင်းအပ်နှံခြင်း

**ကျွန်ုပ်၏ ကလေးသည် ယာယီနေထိုင်ခွင့်ဗီဇာ ရရှိထားပါသည်။ ၎င်းကို ရပ်ရွာကျောင်းတွင် အပ်နှံရန် ယခင်က လျှောက်ထားခဲ့သော်လည်း လျှောက်ထားမှုကို ပယ်ချခံခဲ့ရပါသည်။ ကလေး၏ ကျောင်းအပ်နှံခွင့် လျှောက်လွှာ ထပ်တင်လို့ ရပါသလား။**

သင့်ကလေးသည် ယာယီနေထိုင်ခွင့်ဗီဇာ ရရှိထားပြီး ရပ်ရွာကျောင်းသို့ လျှောက်ထားသည့် ၎င်း၏ ယခင်လျှောက်လွှာသည် ပယ်ချခြင်း ခံခဲ့ရပါက ကျောင်းအပ်နှံခွင့်လျှောက်လွှာ ပြန်လည်တင်သွင်းနိုင်ပါသည်။ အောက်တွင်ဖော်ပြထားသော “2025 ခုနှစ် အတွက် ကလေးကို ကျောင်းအပ်နှံထားသည့်နေရာအား ပြောင်းလဲနည်း” အပိုဒ်ပါ အဆင့်များအတိုင်း ဆောင် ရွက်ပါ။

**ကျွန်ုပ်၏ ကလေးသည် ယာယီနေထိုင်ခွင့်ဗီဇာ ရရှိထားပြီး ၎င်းကို 2025 ခုနှစ်အတွက် ကျောင်းအပ်နှံထားပြီး ဖြစ်ပါသည်။ ကျွန်ုပ်၏ ကလေးကို ကျောင်းအပ်နှံထားသည့် နေရာအား ပြောင်းလဲ၍ ရပါသလား။**

သင့်ကလေးသည် ယာယီနေထိုင်ခွင့်ဗီဇာ ရရှိထားပြီး 2025 ခုနှစ်အတွက် ကျောင်းအပ်နှံထားပါက ၎င်းကို လက်ရှိ ကျောင်းအပ်နှံထားသည့် နေရာအား ပြောင်းလဲခွင့် လျှောက်ထားနိုင်သည်။ အောက်တွင်ဖော်ပြထားသော “2025 ခုနှစ် အတွက် ကလေးကို ကျောင်းအပ်နှံထားသည့်နေရာအား ပြောင်းလဲနည်း” အပိုဒ်ပါ အဆင့်များအတိုင်း ဆောင်ရွက်ပါ။

**2025 ခုနှစ်အတွက် ကလေးကို ကျောင်းအပ်နှံထားသည့်နေရာအား ပြောင်းလဲနည်း**

ယာယီနေထိုင်ခွင့်ဗီဇာရ ကျောင်းသားများ၏ မိဘ သို့မဟုတ် အုပ်ထိန်းသူများအနေဖြင့် ၎င်းတို့၏ ရပ်ရွာကျောင်းတွင် ကျောင်းအပ်နှံထားမှုကို ပြောင်းလဲရန် အောက်ပါ အဆင့်များအတိုင်း လိုက်ပါဆောင်ရွက်ပါ။

1. ယာယီနေထိုင်ခွင့် အစီအစဉ်အဖွဲ့ထံသို့ ဖုန်းနံပါတ် 1300 300 229 မှတဆင့် ဖုန်းခေါ်ဆို၍ ဖြစ်စေ (နည်းလမ်း-၁)၊ tempvisa@det.nsw.edu.au သို့ အီးမေးလ်ပို့၍ဖြစ်စေ ဆက်သွယ်ပြီး သင့်ကလေးအတွက် ကျောင်းပြောင်းလဲခွင့် တောင်းခံပါ။ သင့်ကလေးအတွက် ကျောင်းပြောင်းလဲမှု ပြီးလျှင်ပြီးချင်း ယာယီနေထိုင်ခွင့် အစီအစဉ်အဖွဲ့က သင့်ကို အကြောင်းကြားမည် ဖြစ်သည်။
2. သင့်ကလေးကို ကျောင်းအပ်နှံရန် ရပ်ရွာကျောင်းသို့ ဆက်သွယ်ပါ။ ကျောင်းက သင့်အား ကျောင်းအပ်ရန် ဖြည့်ရမည့် လျှောက်လွှာပုံစံကို ထုတ်ပေးမည် ဖြစ်သည်။ ရပ်ရွာကျောင်းသို့ ဆက်သွယ်ရမည့် အသေးစိတ် အချက်အလက်ကို education.nsw.gov.au/find-a-public-school ဝက်ဘ်ဆိုက်တွင် ရှာကြည့်ပါ။

**ကျွန်ုပ်၏ ကလေးသည် 482 ဗီဇာမဟုတ်သော ယာယီနေထိုင်ခွင့်ဗီဇာ ရရှိထားသူ ဖြစ်ပါသည်။ ကျောင်းဝင်ကြေး ပေးရန် လိုအပ်ပါသလား။**

ယာယီနေထိုင်ခွင့်လျှောက်လွှာကြေးနှင့် အစိုးရကျောင်းတွင် အပ်နှံရန် ကျောင်းအပ်ခ တို့ကို များသောအားဖြင့် ကျောင်းသားကိုင်ဆောင်ထားသည့် ဗီဇာအမျိုးအစားကို အသုံးပြု၍ တွက်ချက်ခြင်း ဖြစ်သည်။ သင့်ဗီဇာ အမျိုးအစားအရ ပေးဆောင်ရမည့် အခကြေးငွေနှင့်ပတ်သက်၍ အသေးစိတ် သိရှိလိုပါက DE International ဝက်ဘ်ဆိုက် deinternational.nsw.edu.au/study-options/study-programs/temporary-residents သို့ ဝင်ရောက်ကြည့်ရှုပါ။ သင့်အနေဖြင့် ကျောင်းဝင်ကြေး ကင်းလွတ်ခွင့် ရ၊ မရ သေချာ မသိသေးပါက tempvisa@det.nsw.edu.au ဝက်ဘ်ဆိုက်မှ တဆင့် ယာယီနေထိုင်ခွင့် အစီအစဉ်အဖွဲ့ထံသို့ ဆက်သွယ်နိုင်ပါသည်။

## မွေးချင်းများရှိရာကျောင်းတွင် နယ်ကျော်၍ အပ်နှံခြင်း

**ကျွန်ုပ်၏ ကလေးအား ၎င်း၏ မွေးချင်း တက်ရောက်နေသည့်ကျောင်းတွင် အပ်နှံရန် လျှောက်ထားခဲ့သော်လည်း လျှောက်ထားမှုကို ပယ်ချခံခဲ့ရပါသည်။ ကလေး၏ ကျောင်းအပ်နှံမှု လျှောက်လွှာကို ထပ်မံတင်သွင်း၍ ရပါသလား။**

သင့်ကလေးအား ၎င်း၏ မွေးချင်းရှိရာ ကျောင်းတွင် နယ်ကျော်၍ အပ်နှံထားပြီး လျှောက်ထားမှု ပယ်ချခံရပါက ပြန်လည် လျှောက်ထားရန် အောက်တွင်ဖော်ပြထားသော “2025 ခုနှစ် အတွက် ကလေးကို ကျောင်းအပ်နှံထားသည့်နေရာအား ပြောင်းလဲနည်း” အပိုဒ်ပါ အဆင့်များအတိုင်း ဆောင်ရွက်ပါ။

**ကျွန်ုပ်၏ ကလေးအား 2025 အတွက် ကျောင်းအပ်နှံထားသော်လည်း ၎င်း၏ မွေးချင်းကို နယ်မတူသော အခြားကျောင်းတွင် အပ်နှံထားသည်။ ၎င်းတို့ကို ကျောင်းပြောင်း အပ်နှံခွင့် လျှောက်ထား၍ ရပါသလား။**

သင့်ကလေးကို 2025 ခုနှစ်အတွက် အပ်နှံထားသည့်ကျောင်းမှ ၎င်း၏ မွေးချင်း လက်ရှိတက်ရောက်နေသော နယ်ကျော် ကျောင်းတစ်ကျောင်း တည်းတွင် ပြောင်းလဲ အပ်နှံလိုပါက အောက်တွင်ဖော်ပြထားသော “2025 ခုနှစ် အတွက် ကလေးကို ကျောင်းအပ်နှံထားသည့်နေရာအား ပြောင်းလဲနည်း” အပိုဒ်ပါ အဆင့်များအတိုင်း ဆောင်ရွက်ပါ။

**2025 ခုနှစ်အတွက် ကလေးကို ကျောင်းပြောင်း အပ်နှံနည်း**

မိဘ သို့မဟုတ် အုပ်ထိန်းသူများအနေဖြင့် ကလေးအား ၎င်း၏ မွေးချင်းရှိရာ နယ်ကျော်ကျောင်း တစ်ကျောင်းတည်းတွင် အပ်နှံလိုပါက ကျောင်းပြောင်း အပ်နှံရန် အောက်ပါ အဆင့်များကို ဆောင်ရွက်ရန် လိုပါသည် -

### အွန်လိုင်းမှ ကျောင်းအပ်နှံခွင့် လျှောက်ထားခြင်း

1. သင် အပ်နှံလျှောက်ထားလိုသည့် ကျောင်း၏ ဝက်ဘ်ဆိုက်သို့ ဝင်ရောက်ပြီး မန်နျူးရှိ ကျောင်းအပ်နှံခြင်းဆိုသည့် နေရာကို နှိပ်ပါ။
2. ကျောင်းအပ်နှံမှု ဝက်ဘ်ဆိုက်စာမျက်နှာမှ ကျောင်းအပ်နှံနည်း ဆိုသည့် ခေါင်းစဉ်အောက်ရှိ အွန်လိုင်းမှ ကျောင်းအပ်နှံခွင့် လျှောက်လွှာ လင့်ခ်ကို နှိပ်ပါ။
3. ကျောင်းအပ်နှံရန် လျှောက်လွှာတင်ပြီးပြီးချင်း ကျောင်းက သင့်အား 14 ရက်အတွင်း လက်ခံရန် ကမ်းလှမ်းမည်။
4. သင့် လျှောက်ထားမှုကို လက်ခံခဲ့ပါက သင့်ကလေးအား 2025 ခုနှစ်အတွက် ယခင်က အပ်နှံထားသည့် ကျောင်းသို့ ဆက်သွယ်ပြီး ယင်းအပ်နှံမှုကို ရုပ်သိမ်းပါ။

## လျှောက်လွှာစာရွက်ဖြင့် လျှောက်ထားခြင်း

1. သင့်ကလေးကို လက်ခံနိုင်ခြင်း ရှိ၊ မရှိ သိရရန် သင့်ကလေး၏ မွေးချင်းတက်ရောက်နေသည့် ကျောင်းသို့ ဆက်သွယ်ပါ။
2. ကျောင်းက သင့်ကလေးကို လက်ခံမည်ဆိုလျှင် ကျောင်းကပေးသည့် လျှောက်လွှာစာရွက်ပုံစံကို ဖြည့်သွင်းပါ။
3. ကျောင်းအပ်နှံမှုပုံစံ လျှောက်လွှာ တင်ပြီးပြီးချင်း သင့်ကို ကျောင်းက 14 ရက်အတွင်း လက်ခံရန် ကမ်းလှမ်းချက် ပြုလုပ်မည်။
4. သင့် လျှောက်ထားမှုကို လက်ခံခဲ့ပါက သင့်ကလေးအား 2025 ခုနှစ်အတွက် ယခင်က အပ်နှံထားသည့် ကျောင်းသို့ ဆက်သွယ်ပြီး ယင်းအပ်နှံမှုကို ရုပ်သိမ်းပါ။

**ကျွန်ုပ်သည် 2025 ခုနှစ်တွင် Year 6 မှ Year 7 သို့ ကူးပြောင်းရန် စိတ်ဝင်စားကြောင်း ဖော်ပြချက် (Expression of Interest (EOI)) တင်ထားသည်။ ကလေးကို ကျောင်းပြောင်းအပ်နှံ၍ ရပါသလား။**

Year 6 မှ Year 7 သို့ ကူးပြောင်းရန် စိတ်ဝင်စားကြောင်း ဖော်ပြချက် (Expression of Interest (EOI))သည် ပိတ်သွားပြီ ဖြစ်၍ မိဘနှင့် အုပ်ထိန်းသူများအနေဖြင့် 2025 ခုနှစ်အတွက် နစ်သက်ရာ ကျောင်းသို့ ပြောင်းရွှေ့ခြင်းများ ပြုလုပ်နိုင်တော့မည် မဟုတ်ပါ။

သင့်ကလေးကို 2025 ခုနှစ်အတွက် အပ်နှံထားသည့်ကျောင်းမှ ၎င်း၏ မွေးချင်း တက်ရောက်နေသော နယ်ကျော်ကျောင်း တစ်ကျောင်းတည်းတွင် ပြောင်းလဲ အပ်နှံလိုပါက အောက်ပါ အဆင့်များကို ဆောင်ရွက်ပါ။

## အွန်လိုင်းမှ ကျောင်းအပ်နှံခွင့် လျှောက်ထားခြင်း

1. သင် အပ်နှံလျှောက်ထားလိုသည့် ကျောင်း၏ ဝက်ဘ်ဆိုက်သို့ ဝင်ရောက်ပြီး မန်နျူးရှိ ကျောင်းအပ်နှံခြင်းဆိုသည့် နေရာကို နှိပ်ပါ။
2. ကျောင်းအပ်နှံမှု ဝက်ဘ်ဆိုက်စာမျက်နှာမှ ကျောင်းအပ်နှံနည်းဆိုသည့် ခေါင်းစဉ်အောက်ရှိ အွန်လိုင်းမှ ကျောင်းအပ်နှံခွင့် လျှောက်လွှာ လင့်ခ်ကို နှိပ်ပါ။
3. ကျောင်းအပ်နှံရန် လျှောက်လွှာတင်ပြီးပြီးချင်း ကျောင်းက သင် 14 ရက်အတွင်း လက်ခံရမည့် ကမ်းလှမ်းချက်တခု ပြုလုပ်နိုင်သည်။
4. သင့် လျှောက်ထားမှုကို လက်ခံခဲ့ပါက သင့်ကလေးအား 2025 ခုနှစ်အတွက် ယခင်က အပ်နှံထားသည့် ကျောင်းသို့ ဆက်သွယ်ပြီး ယင်းအပ်နှံမှုကို ရုပ်သိမ်းပါ။

## လျှောက်လွှာစာရွက်ဖြင့် လျှောက်ထားခြင်း

1. သင့်ကလေးကို လက်ခံနိုင်ခြင်း ရှိ၊ မရှိ သိရှိနိုင်ရန် သင့်ကလေး၏ မွေးချင်းတက်ရောက်နေသည့် ကျောင်းသို့ ဆက်သွယ်ပါ။ education.nsw.gov.au/find-a-public-school ဝက်ဘ်ဆိုက်တွင် ကျောင်းသို့ ဆက်သွယ်ရမည့် အချက်အလက်များကို ရှာဖွေပါ။
2. ကျောင်းက သင့်ကလေးကို လက်ခံမည်ဆိုလျှင် ကျောင်းကပေးသည့် လျှောက်လွှာစာရွက်ပုံစံကို ဖြည့်သွင်းပါ။
3. ကျောင်းအပ်နှံမှုပုံစံ လျှောက်လွှာ တင်ပြီးပြီးချင်း ကျောင်းက သင် 14 ရက်အတွင်း သို့မဟုတ် အမြန်ဆုံး လက်ခံရမည့် ကမ်းလှမ်းချက်တခု ပြုလုပ်နိုင်သည်။
4. သင့် လျှောက်ထားမှုကို လက်ခံပြီး သင်၏ စိတ်ဝင်စားကြောင်း ဖော်ပြချက် (EOI)ကိုလည်း လက်ခံထားပြီး ဖြစ်ပါက ကျောင်းသို့ တိုက်ရိုက်ဆက်သွယ်၍ ယင်းအပ်နှံမှုကို ရုပ်သိမ်းပါ။

## ကျောင်းဝန်ထမ်းများ၏ သား၊ သမီးများကို နယ်ကျော် ကျောင်းအပ်နှံခြင်း

**ကျွန်ုပ်၏ ကလေးအား ကျွန်ုပ် အလုပ်လုပ်နေသည့် ကျောင်းတွင် အပ်နှံရန် လျှောက်ထားခဲ့သော်လည်း လျှောက်ထားမှုကို ပယ်ချခံခဲ့ရပါသည်။ ကလေး၏ ကျောင်းအပ်နှံခွင့် လျှောက်လွှာ ထပ်တင်လို့ ရပါသလား။**

သင့်ကလေးအား သင်အလုပ်လုပ်နေသောကျောင်းတွင် အပ်နှံရန် လျှောက်ထားခဲ့သော်လည်း လျှောက်ထားမှုကို ပယ်ချခံခဲ့ရပါက လျှောက်လွှာ ထပ်မံတင်သွင်းနိုင်သည်။ အထက်တွင် ဖော်ပြထားသော "2025 ခုနှစ် အတွက် ကလေးကို ကျောင်းအပ်နှံထားသည့်နေရာအား ပြောင်းလဲနည်း" အပိုဒ်ပါ အဆင့်များအတိုင်း ဆောင်ရွက်ပါ။

## အချက်အလက်များကို ထပ်မံရှာဖွေနိုင်မည့် နေရာများ

**ကျောင်းအပ်နှံမှုနှင့်ပတ်သက်၍ မေးမြန်းစရာများ ရှိပါက သင်နှစ်သက်ရာကျောင်းနှင့် စကားပြောကြည့်ပါ။ education.nsw.gov.au/find-a-public-school ဝက်ဘ်ဆိုက်တွင် ကျောင်းသို့ ဆက်သွယ်ရမည့် အချက်အလက်များကို ရှာဖွေပါ။**

**NSW အစိုးရကျောင်းတွင် ကျောင်းအပ်နှံနည်းနှင့်ပတ်သက်၍ ထပ်မံ သိရှိလိုပါက education.nsw.gov.au/enrolment ဝက်ဘ်ဆိုက်သို့ ဝင်ရောက်ကြည့်ရှုပါ။**

**ယာယီနေထိုင်ခွင့်ဖြင့် NSW အစိုးရကျောင်းတွင် ကျောင်းအပ်နှံနည်းနှင့်ပတ်သက်၍ ထပ်မံ သိရှိလိုပါက https://www.deinternational.nsw.edu.au/ ဝက်ဘ်ဆိုက်သို့ ဝင်ရောက်ကြည့်ရှုပါ။**

**ကျောင်းအပ်နှံမှုနှင့်ပတ်သက်၍ မေးမြန်းစရာများ ရှိပါက ပညာရေးဌာနရုံးချုပ် ဖုန်းနံပါတ် 1300 679 332 သို့ ဆက်သွယ်ပါ။**

**တယ်လီဖုန်းစကားပြန် ဝန်ဆောင်မှု**

သင့်အနေဖြင့် ကျောင်း သို့မဟုတ် ပညာရေးဌာနသို့ ဆက်သွယ်ရာတွင် ကူညီရန် စကားပြန်တစ်ဦး လိုအပ်ပါက တယ်လီဖုန်းစကားပြန်ဝန်ဆောင်မှု ဖုန်းနံပါတ် 13 14 50 သို့ ဖုန်းခေါ်ဆိုပြီး သင့်ဘာသာစကားပြောသော စကားပြန်တစ်ယောက် တောင်းခံပါ။ ဖုန်းလက်ခံဖြေဆိုသူအား သင်ခေါ်ဆိုလိုသည့် ဖုန်းနံပါတ်ကို ပြောပြပါ။ ဖုန်းလက်ခံဖြေဆိုသူက သင် စကားပြောဆိုရာတွင် ကူညီရန် ဖုန်းလိုင်းပေါ်တွင် စကားပြန်တစ်ဦး ထားပေးမည် ဖြစ်သည်။ ဤဝန်ဆောင်မှုအတွက် သင့်ထံမှ အခကြေးငွေ ကောက်ခံမည် မဟုတ်ပါ။